၀

# ရာဗိန္ဒြာနတ်တဂိုး

# ဥယျာဉ်မှူး

မြသန်းတင့်



mgyoe.com
mgyoe.com



mgyoe.com
SAMPLE BOOK

9 248480 504842

mgyoe.com

m g y o e . c o m

m g y o e . c o m

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၄၇၀

# ဥယျာဉ်မှူး

## မြသန်းတင့်

# THE GARDENER

## RABINDRANATH TAGORE

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၆၀ ၉၇၉၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ဥယျာဉ်မှူး

မြသန်းတင့်

တတိယအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၂၄။ (နှစ်ကာလများစာပေ)

ဒုတိယအကြိမ်၊ဇန်နဝါရီ၊ ၂၀၁၅။ ( တပေါင်းတည်းပုံနှိပ်၊ပိတောက်ရနံ့စာပေ)

ပထမအကြိမ်၊ စက်တင်ဘာ၊ ၁၉၉၃။ (ဂုဏ်ထူးစာပေ)

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၇၅၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်း၊နှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးပန်းချီ** မှတ်သုန်၊ **မျက်နှာဖုံးဒီဇိုင်း** သက်ငြိမ်သစ် **ကွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

၁။

စေတမန် အရှင်၏ ကျွန်တော်မျိုးအား
သနားကရုဏာ
ထားတော်မူပါ သခင်။
ကေရီ ညီလာခံ ပြီးပြီ။
မင်းချင်းတို့အားလုံး ပြန်ကြပြီ။
အဘယ်ကြောင့် နောက်ချန်၍
အခစား ဝင်ရသနည်း။
စေတမန် သခင်မသည်
အခြားသူတို့ကို
တွေ့ဆုံဖူးမြော်ခွင့် ပေးပြီးပါပြီ။
ယခုအချိန်သည်
ကျွန်တော်မျိုးအချိန် ဖြစ်ပါသည်။
သခင်၏ နောက်ဆုံးစေတမန်
ပြုဖွယ်ရှိသည့် ကိစ္စတို့ကို
ဆောင်ရွက်ရန် ကျွန်တော်မျိုး
လာခဲ့ပါသည်။
ကေရီ နောက်ကျလှသည့် အချိန်တွင်
အသင် ဘာကို မျှော်လင့်လိုသနည်း။
စေတမန် သခင်၏ ပန်းဥယျာဉ်တွင်
ကျွန်တော်မျိုးအား
ဥယျာဉ်မှူး ခန့်အပ်တော်မူစေလိုပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကေရီ ဤတောင်းဆိုချက်သည်
မိုက်မဲလှချည့် စေတမန်။
စေတမန် ကျွန်တော်မျိုး၏
အခြားသော အလုပ်များကို
စွန့်လွှတ်ပါတော့မည်။
ကျွန်တော်မျိုး၏
ဓားလွှယ်နှင့် လှံတံတို့ကို
ဖုန်ထဲသို့ လွှင့်ပစ်လိုက်ပါတော့မည်။
ကျွန်တော်မျိုးအား ဝေးလံသည့်
နန်းရွှေပြည်များသို့
ပို့တော် မမူပါနှင့်တော့။
နောက်ထပ်
အောင်ပွဲသစ်များကို ရယူရန်
စစ်တိုက်ခိုင်းတော် မမူပါနှင့်တော့။
သခင်၏ ပန်းဥယျာဉ်တွင်
ဥယျာဉ်မှူးအဖြစ်သာ
ခန့်အပ်တော်မူပါတော့။
ကေရီ သင့်တာဝန်တို့သည်
မည်သို့ ရှိအံ့နည်း။
စေတမန် သခင်မ၏
ပျင်းရိငြီးငွေ့ဖွယ် နေ့များကို
ဖျော်ဖြေပါအံ့။
မနက်ခင်းတွင်
သခင် လမ်းလျှောက်ရာ
အသက်ကို စွန့်ရန်

mgyoe.com

mgyoe.com

ဝန်မလေးသည့် ပန်းပွင့်လေးများက
သခင် ခြေလှမ်းလိုက်တိုင်း
ခြေအစုံကို ချီးမြော် နှုတ်ဆက်ရာ
မြက်ခင်းလဲ့လဲ့ မြေညီလမ်းကို
အစဉ် စိုပြည်စိမ်းလန်းအောင်
ထိန်းသိမ်းပါမည်။
ညချမ်း၏
ဆန်းစ လကလေးက
သစ်ရွက်တို့ ကြားမှ
သခင့်ဝတ်ရုံကို
တိုးဝှေ့ နမ်းရှုပ်ရာ
ပိတောက်ကိုင်းများ ကြားတွင်
ဒန်းဆင်၍ သခင့်ကို
ဒန်းလွှဲပါမည်။
သခင့် အုံးစက်ရာ ဘေးတွင်
လင်းနေသော မီးအိမ်ကို
အမွှေးနံ့သာဆီတို့ဖြင့်
ဖြည့်ပါမည်။
သခင်၏ ခြေတင်ခုံကို
စန္ဒကူးမှုန့်၊ ဒန်းနီမှုန့်တို့ဖြင့်
အုံ့ညြဖွယ်
အပြောက်အမွမ်းတို့ ဆင်ယင်ပါမည်။
ကေရီ မည်သည့် ဆုလာဘ်ကို
မျှော်ကိုးသနည်း။

mgyoe.com

mgyoe.com SAMPLE BOOK

စေတမန်   နူးညံ့သော
ကြာဖူးနှင့် တူလှစွာသော
သခင်၏ လက်များကို ဆုပ်ကိုင်ခွင့်
သခင့် လက်ကောက်ဝတ်တွင်
ပန်းဆွဲကြိုး ပန်းလက်ကောက်တို့ကို
ဆင်ပေးခွင့်
သခင့် ခြေဖဝါးကို
နီမြန်းသော သော်က ဝတ်ရည်တို့ဖြင့်
ခြယ်သခွင့်
သခင့် ခြေဖဝါးတွင်
မတော်တဆ ကပ်ငြိသည့်
ဖုန်မှုန့်ကို နမ်းရှုပ် ဖယ်ရှားခွင့်
ပေးရန် ဖြစ်ပါ၏။
ကေရီ   သင်၏
တောင်းဆိုချက်များကို
ပေးသနားတော်မူမည်။
သင်သည် သခင်မ၏
ပန်းဥယျာဉ်မှူး ဖြစ်စေသတည်း။

■

mgyoe.com

mgyoe.com
SAMPLE BOOK

၂။
အို ကဗျာဆရာ
ညနေဆည်းဆာချိန်ကို ရောက်လုပေါ့။
သင့် ဆံပင်တို့လည်း
ဖြူဖွေးကုန်ပေါ့။
သင့်ရဲ့ အထီးကျန်
စဉ်းစားဆင်ခြင်မှုအတွင်းက
တမလွန် သတင်းစကားကို
သင် ကြားမိပါစ။
ကဗျာဆရာက ပြန်ပြောတယ်။
'ညနေ ဆည်းဆာချိန် ရောက်ပြီ။
အချိန်နှောင်းသည့်တိုင်
ရွာထဲက တစ်စုံတစ်ယောက်က
ခေါ်လိုခေါ်ငြား ငါ့နားကို
စွင့်မိတယ်။
'နုနယ်ပြီး
လေလွင့်တဲ့ နှလုံးသားတွေကို
တွေ့ဆုံလို တွေ့ဆုံငြား၊
သူတို့တိတ်ဆိတ်မှုကို ဖြိုခွဲဖို့
သူတို့ကိုယ်စား စကားပြောပေးဖို့
ထက်သန်တဲ့ မျက်လုံးနှစ်စုံက
ငါ့ဂီတကို တောင်းဆိုလို တောင်းဆိုငြား
ငါစောင့်စားနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'ဘဝကမ်းခြေမှာ ထိုင်ပြီး
သေခြင်းနှင့် တမလွန်အကြောင်းကို
ငါ တွေးနေရင်
သူတို့ရဲ့ ချစ်ရမွက်တေးကို
ဘယ်သူ ရက်လုပ် သီဖွဲ့ပေးတော့မှာလဲ။
'အဦး ထွက်တဲ့
ညချမ်းကြယ်လည်း ကွယ်ပေါ့။
'တိတ်ဆိတ်တဲ့ မြစ်ဘေးက
အသုဘ သင်္ဂြိုဟ်ပွဲက မီးရောင်လည်း
တဖြည်းဖြည်း ငြိမ်းပေါ့။
'မောပန်း နွမ်းနယ်တဲ့
လမင်းရဲ့ အလင်းရောင်အောက်
လူသူကင်းမဲ့တဲ့
ဝင်းခြံထဲမှာ
ခွေးအ တွေက
သံပြိုင်အော်လို့။
'တကယ်လို့များ
အိမ်က ထွက်လာတဲ့
ခရီးသွားတစ်ယောက်
ဒီကို ရောက်လာပြီး
ညကို စောင့်ကြည့်ရင်း
အမှောင်ရဲ့ ညည်းတွားသံကို
ခေါင်းငုံ့ နားထောင်နေတယ် ဆိုပါတော့။
ဒီတုန်းမှာ ငါက
အိမ်တံခါးတွေကို ပိတ်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

လူ့အနှောင်အဖွဲ့က လွတ်အောင်
ကြိုးစားနေမယ်ဆိုရင်
လူ့ဘဝရဲ့ လျှို့ဝှက်ချက်တွေအကြောင်း
သူ့ကို ဘယ်သူက
တီးတိုး ပြောတော့မှာလဲ။
'ငါ ဆံပင်တွေ ဖြူတာဟာ
အသေးအဖွဲ့မျှသာပါ။
'ငါဟာ
ရွာက အငယ်ဆုံး သူလို
အမြဲတမ်း ငယ်နေပြီး
အသက်အကြီးဆုံး သူလို
အမြဲတမ်း ကြီးနေသူပါ။
'တချို့မှာ
ချိုသာပြီး ရိုးသားတဲ့
အပြုံးတွေ ရှိကြတယ်။
တချို့မှာတော့
သူတို့ မျက်လုံးထဲမှာ
ကောက်ကျစ်စဉ်းလဲတဲ့
ပြုံးပြက်မှုတွေ ရှိကြတယ်။
'တချို့ကျတော့
နေ့ခင်းမှာ စီးကျတဲ့
မျက်ရည်တွေ ရှိတယ်။
တချို့ကျတော့
အမှောင်ထဲမှာ ပုန်းနေတဲ့
မျက်ရည်တွေ ရှိကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'သူတို့အားလုံး
ငါ့ကို လိုကြတယ်။
နောင်ဘဝ အကြောင်းကို
တွေးတော စဉ်းစားဖို့
ငါ့မှာ အချိန်မရှိပါဘူး။
'ငါဟာ လူတိုင်းနဲ့
အသက် အတူတူပဲ။
ငါ့ဆံပင်တွေ ဖြူတာဟာ
အကြောင်း မဟုတ်ပါဘူး'။

■

mgyoe.com

mgyoe.com
SAMPLE BOOK

၃။
မနက်ခင်းတုန်းက
ပင်လယ်ထဲမှာ
ငါ ကွန်ပစ်ခဲ့တယ်။

နက်မှောင်တဲ့
ချောက်ကမ်းပါးထဲက
ထူးဆန်းတဲ့ သဏ္ဍာန်တွေ
ဆန်းကြယ်တဲ့ အလှအပတွေကို
ဆွဲတင်ခဲ့တယ်။
တချို့က
အပြုံးလို တောက်ပလို့။
တချို့က
မျက်ရည်လို ဝင်းလက်လို့။
ပြီးတော့ တချို့က
သတို့သမီးရဲ့ ပါးပြင်လို နီရဲလို့။

တစ်နေ့တာ ဝန်ထုပ်နဲ့အတူ
အိမ်ကို ငါ ပြန်ခဲ့တယ်။

ငါ့အချစ်က
ဥယျာဉ်ထဲမှာ
ပျင်းပျင်းရိရိ ထိုင်ပြီး
ပန်းဝတ်လွှာကလေးတွေကို
ခြေမွ ဆုတ်ဖြဲပစ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခဏလောက်
တွေနေတယ်။

ပြီးတော့
ငါ ကွန်ပစ်လို့ ရခဲ့တဲ့
အလှရတနာတွေကို
သူ့ခြေရင်းမှာ ပုံပေးပြီး
မလှုပ်မယှက်
ရပ်နေမိတယ်။

အချစ်က လှမ်းကြည့်ပြီး
'ဒီအဆန်းတကြယ် ပစ္စည်းတွေနဲ့
ကျွန်မ ဘာလုပ်ရမှာလဲ' တဲ့။

ဒီတော့ ခေါင်းငုံ့ပြီး
ရှက်ရှက်နဲ့ ငါ စဉ်းစားမိတယ်။
'ဒီပစ္စည်းတွေဟာ
ငါ စစ်တိုက်လို့ ရခဲ့တာ မဟုတ်ဘူး။
ဈေးထဲက ဝယ်ခဲ့တာလည်း
မဟုတ်ဘူး။
အချစ်ကို
လက်ဆောင်ပစ္စည်းအဖြစ် ပေးဖို့
ဘယ်မှာ ထိုက်တန်ပါ့မလဲ' လို့
ငါ တွေးမိတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ပြီးတော့
တစ်ညလုံး ဒီပစ္စည်းတွေကို
တစ်ခုပြီးတစ်ခု
လမ်းမပေါ်ကို လွှင့်ပစ်ခဲ့တယ်။

မနက်ကျတော့
ခရီးသည်တွေ ရောက်လာကြတယ်။

ဒီရတနာပစ္စည်းတွေကို
ကောက်ယူပြီး
ဝေးလံတဲ့ တိုင်းတစ်ပါးကို
သယ်သွားကြလေရဲ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

၄။
အလို
ဘာ့ကြောင့်များ ငါ့အိမ်ကို
ဈေးမြို့ကို သွားတဲ့ လမ်းဘေးမှာ
ဆောက်ထားကြပါလိမ့်။

သူတို့ဟာ
ဝန်အပြည့်တင်ထားတဲ့
သူတို့ လှေတွေကို
ငါ့ သစ်ပင်တွေနားမှာ
ဆိုက်ထားကြတယ်။

သူတို့ဟာ
စိတ်ထင်တိုင်း
သွားကြလာကြ
လှည့်လည်ကြတယ်။

ငါ ထိုင်ပြီး
သူတို့ကို ကြည့်နေတယ်။
ငါ့အချိန်ဟာ
ကုန်ခဲလှချည့်။
သူတို့ကိုလည်း
ငါ မောင်းမထုတ်နိုင်။
ဒီလိုနဲ့ အချိန်တွေ ညောင်းခဲ့ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ရော ညပါ
ငါ့တံခါးဝမှာ
သူတို့ ခြေသံတွေကို
ကြားနေရတယ်။
ခင်ဗျားတို့ကို
မသိဘူးလို့
ငါ အချည်းနှီး အော်တယ်။
တချို့ကို
ငါ့ လက်ချောင်းတွေက
သိတယ်။
တချို့ကို
ငါ့ နှာခေါင်းတွေက
သိတယ်။
သူတို့ကို
ငါ့သွေးကြောတွေထဲမှာ ရှိတဲ့
သွေးက သိပုံရတယ်။
တချို့ကို
ငါ့ အိပ်မက်တွေက
သိတယ်။
သူတို့ကို
ငါ မောင်းမထုတ်နိုင်ဘူး။
ဒီတော့ ကျုပ်အိမ်ကို လာချင်တဲ့လူ
လာကြပါ၊ လာကြပါလို့
လှမ်းခေါ်ပြီး ပြောမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မနက်ကျတော့
ဝတ်ကျောင်းက ခေါင်းလောင်းထိုးတယ်။
သူတို့ဟာ
ခြင်းတောင်းတွေကို
လက်မှာ ပိုက်ပြီး လာကြတယ်။
သူတို့ ခြေထောက်တွေက
နှင်းဆီရောင် နီရဲလို့။
အရုဏ်ဦးရဲ့ ရောင်ခြည်က
သူတို့ မျက်နှာတွေပေါ်ကို
လွှမ်းလို့။
သူတို့ကို
ငါ မောင်းမထုတ်နိုင်ဘူး။

ဒီတော့
ကျုပ် ဥယျာဉ်ထဲက
ပန်းတွေကို လာဆွတ်ကြပါဗျာ၊
လာဆွတ်ကြပါလို့
လှမ်းခေါ်ပြီး ပြောမိတယ်။
နေ့လယ်ရောက်တော့
နန်းမြို့တံခါးက
နာရီမောင်း ရိုက်တယ်။
သူတို့ အလုပ်တွေကို ပစ်ထားခဲ့ပြီး
ငါ့ခြံနားမှာ
ဘာ့ကြောင့် တရစ်ဝဲဝဲ
လုပ်နေတယ် ဆိုတာကို

mgyoe.com

mgyoe.com
SAMPLE BOOK

ငါ မသိဘူး။
သူတို့ ဆံကေသာထက်က
ပန်းပွင့်တွေက
ဖျော့တော့
ညှိုးနွမ်းကုန်ကြပြီ။
သူတို့ ပလွေထဲက တေးကျူးသံက
နွေးကွေး လေးတွဲ့ကုန်ကြပြီ။
သူတို့ကို ငါ မောင်းမထုတ်နိုင်ဘူး။

ဒီတော့
ကျုပ် သစ်ပင်တွေအောက်မှာ
အရိပ်ကောင်းပါတယ်ဗျာ၊
လာကြပါ
မိတ်ဆွေတို့ လာကြပါလို့
လှမ်းခေါ်ပြီး ပြောမိတယ်။
ညကျတော့
တောအုပ်ထဲက
ပုရစ်တွေ မြည်ကြတယ်။
ငါ့တံခါးဆီကို
ဖြည်းညင်းစွာ လျှောက်လာပြီး
ညင်သာစွာ ခေါက်တာ
ဘယ်သူပါလိမ့်။
မျက်နှာကို
ဝိုးတိုးဝါးတား မြင်ရတယ်။
စကားတစ်လုံးမှ မပြောဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK

ကောင်းကင်ကြီးရဲ့
တိတ်ဆိတ်မှုက
ပတ်ဝန်းကျင်မှာ ကြီးစိုးလို့။
တိတ်ဆိတ်တဲ့
ငါ့ဒေသ့သည်ကို
မောင်းမထုတ်နိုင်ဘူး။
အမှောင်ထဲက သူ့မျက်နှာကို
ကြည့်မိတယ်။
ဒီလိုနဲ့ အိပ်မက်ကာလတွေ
ကုန်ဆုံးသွားပါပေါ့လား။

■

mgyoe.com

mgyoe.com SAMPLE BOOK

၅။
ငါ
ဆောက်တည်ရာ မရ
ဖြစ်နေတယ်။
အဝေးက အရာတွေကို
မွတ်သိပ်နေတယ်။
မှုန်ရီတဲ့ အဝေးရဲ့
အစွန်အဖျားကို ထိတွေ့ဖို့
ငါ့ဝိညာဉ်ဟာ
ထွက်ခွာသွားတယ်။
အို မဟာ တမလွန်၊
အိုဘယ့်၊
ပလွေရဲ့ ပြင်းပြတဲ့ခေါ်သံ။
ငါ့မှာ ပျံသန်းဖို့
အတောင် မရှိ
ဒီတစ်နေရာမှာပဲ
အစဉ်အမြဲ ရပ်နေဖို့
ဝဋ်ရှိတယ်ဆိုတာ
ငါ မေ့နေတယ်။
အမြဲ မေ့နေတယ်။
ငါ
ထက်သန်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK

နိုးကြားနေတယ်။
ထူးဆန်းတဲ့
တိုင်းပြည်တစ်ပြည်မှာ
ထူးဆန်းတဲ့
ဧည့်သည်တစ်ယောက်
ဖြစ်နေတယ်။
သင့် ထွက်သက်လေဟာ
မဖြစ်နိုင်တဲ့ မျှော်လင့်ချက်ကို
တီးတိုး ပြောရင်း
ငါ့ဆီ ရောက်လာခဲ့တယ်။
သင့်လျှာကို
ကိုယ့်နှလုံးသားက
သူ့လျှာလိုပဲ
မှတ်ယူခဲ့တယ်။
အို တွေ့ခဲလှ နိဗ္ဗာန်။
သင့်ပလွေရဲ့ ပြင်းပြတဲ့ခေါ်သံ။
သွားရာလမ်းကို ငါ မသိ၊
ငါ့တွင် မြင်းပျံမရှိ ဆိုတာ
ငါ မေ့နေတယ်။
အမြဲ မေ့နေတယ်။
ငါ သတိသမ္ပဇဉ်
ကင်းနေတယ်။
ငါ့နှလုံးအိမ်ထဲမှာ
လှည့်လည်နေသူ
တစ်ယောက်သာ ဖြစ်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တိတ်ဆိတ်တဲ့ ကာလရဲ့
နေခြည် မှိုင်းရီရီထဲက
ကောင်းကင်ရဲ့ အပြာထဲမှာ
သင့်ရဲ့ ကြီးကျယ်တဲ့
ပုံရိပ်လွှာ ရေးရေး ထင်လာတယ်။
အို အဝေးဆုံးသော အနန္တမဘုံ
သင့်ပလွေသံရဲ့
ထက်သန်တဲ့ ခေါ်သံ။
ငါ တစ်ယောက်တည်း နေထိုင်ရာ
အိမ်အနှံ့မှာ
တံခါးပိတ်ထားတယ် ဆိုတာ
ငါ မေ့နေတယ်။
အမြဲ မေ့နေတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

၆။

ယဉ်ပါးတဲ့ ငှက်က
လှောင်ချိုင့်ထဲမှာ။
လွတ်လပ်တဲ့ ငှက်က
သစ်တောထဲမှာ။
အချိန်တန်တဲ့အခါမှာ
ကံအကြောင်းတရားကြောင့်
သူတို့နှစ်ကောင်
တွေ့ကြသတဲ့။
'အို အချစ်ရယ်
တောထဲကို ပျံကြရအောင်' လို့
လွတ်လပ်တဲ့ ငှက်က
ပြောတယ်။
'လာပါကွယ်
တို့နှစ်ဦး လှောင်ချိုင့်ထဲမှာ
အတူနေကြရအောင်' လို့
လှောင်ချိုင့်စံက
ပြောတယ်။
'လှောင်အိမ်တန်းတွေ ကြားမှာ
ဘယ်မှာ အတောင်ဖြန့်စရာ
နေရာ ရှိလို့လဲ' လို့
လွတ်လပ်တဲ့ ငှက်က ပြောတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


'အလို
ကောင်းကင်ကြီးထဲမှာ
ဘယ်နေရာများ
သွားနားရမှာလဲ' လို့
လှောင်ချိုင့်စံက
ပြောတယ်။

လွတ်လပ်တဲ့ ငှက်က
ပြောတယ်။
'အချစ်ရယ်
တောသံပေးပြီး
တောတေးကို သီစမ်းပါကွယ်' တဲ့။

လှောင်ချိုင့်စံက
ပြောတယ်။
'ငါ့အနားမှာ နေစမ်းပါကွယ်
ပညာရှိတွေရဲ့ စကားတွေကို
သင်ပေးပါ့မယ်' တဲ့။

တောငှက်က
ပြောတယ်။
'မလုပ်ပါနဲ့ကွယ်
လင်္ကာဆိုတာ
သင်ပေးလို့ရတာ မဟုတ်ပါဘူး' တဲ့။

mgyoe.com

mgyoe.com
SAMPLE BOOK

လှောင်ချိုင့်စံက
ပြောတယ်။
'အလိုလေး
ငါတော့ တောသီချင်းတွေ
တောသံတွေကို မေ့ကုန်ပါပြီ' တဲ့။

သူတို့ နှစ်ကောင်ဟာ
တစ်ကောင်ကို တစ်ကောင်
သိပ်ချစ်ကြတယ်။
ဒါပေမဲ့ ဘယ်ခါမှ
တောင်ပံချင်း ယှက်ပြီး
မပျံသန်းနိုင်ကြတော့ဘူး။
လှောင်အိမ် တစ်ဖက်တစ်ချက်ကနေပြီး
တစ်ကောင်ကို တစ်ကောင်
ကြည့်နေကြတယ်။
တစ်ကောင့်ကို တစ်ကောင်
နားလည်ဖို့ ကြိုးစားပေမဲ့
အချည်းနှီးပါပဲ။

သူတို့နှစ်ကောင်ဟာ
အတောင်တွေကို တဖျပ်ဖျပ် ခတ်ပြီး
'အချစ်ရေ
ငါ့ဆီကို လာပါတော့' လို့
တေးဆိုကြတယ်။

mgyoe.com

mgyoe.com

လွှတ်လပ်တဲ့ငှက်က
ပြောတယ်။
'ငါတော့ မလာနိုင်ဘူး
ပိတ်ထားတဲ့
လှောင်အိမ်တံခါးတွေကို
ငါ ကြောက်တယ်' တဲ့။
လှောင်ချိုင့်စံက
ပြောတယ်။
'အလိုလေး
ငါ့အတောင်တွေဟာ ခွန်အားမဲ့ပြီး
သေကုန်ကြပြီ' တဲ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

၇။
အမေရယ်
ဘုရင့်သားတော်လေးဟာ
ဒီနေ့မနက်
သမီးတို့ အိမ်ရှေ့က
ဖြတ်ကြွသွားမှာ။

ဒီနေ့ တစ်မနက်လုံး
သမီး အလုပ်တွေကို
ဘယ်မှာ
လုပ်နိုင်ပါတော့မလဲ အမေရယ်။

သမီးရဲ့ ဆံပင်တွေကို
ဘယ်လို ထုံးဖွဲ့ရမလဲ
ပြစမ်းပါဦး။

ဘယ်အင်္ကျီလေးကို
ဝတ်ရမယ် ဆိုတာလည်း
ပြောပါဦး အမေရယ်။

အမေရယ်
သမီးကို
ဘာဖြစ်လို့ ကြောင်ပြီး
ကြည့်နေရတာလဲလို့။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ လာရင်
သမီးတို့
အိမ်ပြတင်းပေါက်ကို
တစ်ချက် စောင်းငဲ့လို့တောင်
ကြည့်မှာ မဟုတ်ဘူး ဆိုတာ
သမီး သိပါတယ်
အမေရယ်။
မျက်စိတစ်မှိတ်အတွင်း
သမီးရှေ့မှောက်က
ပျောက်ကွယ်သွားမယ် ဆိုတာလည်း
သမီး သိပါတယ်။

အဝေးက ပလွေသံ
သဲ့သဲ့ကလေးဟာ
ရှိုက်သံ လှဲ့လှဲ့ကလေးနဲ့
သမီးဆီကို ပြေးလာမယ်ဆိုတာ
သမီး သိပါတယ်
အမေရယ်။
ဒါပေမဲ့
ဘုရင့်သားတော်လေးဟာ
သမီးတို့ အိမ်ရှေ့က
ဖြတ်သွားမှာ အမေရဲ့။

ဒ့ါကြောင့်
အဲဒီတုန်းမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သမီး ဝတ်ကောင်းစားလှတွေကို
ဝတ်မှ ဖြစ်မှာ။

အို အမေရေ
မင်းသားလေး
သမီးတို့ အိမ်ရှေ့က
ဖြတ်သွားပြီကော။
မနက်ခင်း နေခြည်က
သူ့ စစ်ရထားကြီးပေါ်မှာ ဖြာကျလို့။
သမီး မျက်နှာက
ပဝါကို လှပ်လိုက်တယ်။
လည်ပင်းက
ပတ္တမြားလည်ဆွဲကို ဖြုတ်ပြီး
သူ သွားမယ့် လမ်းမှာ
ပစ်ချထားလိုက်တယ်။

အမေရယ်
သမီးကို ဘာဖြစ်လို့
ကြောင်ကြည့်နေရတာလဲလို့။
သမီးရဲ့ လည်ဆွဲကို
သူ ကောက်မယူဘူးဆိုတာ
သမီး သိပါတယ် အမေ။

သမီးရဲ့ လည်ဆွဲကလေးကို
သူ့ ရထားဘီးကြီးတွေက

mgyoe.com

mgyoe.com
SAMPLE BOOK

နင်းခြေသွားပြီး
ဖုန်မှုန့်တွေပေါ်မှာ
နီနီရဲရဲ
စွန်းကျန်ရစ်ခဲ့မယ် ဆိုတာလည်း
သမီး သိပါတယ် အမေ။

သမီးရဲ့
လက်ဆောင်ဟာ
ဘယ်သူ့ကို ရည်ရွယ်ပေးတဲ့
လက်ဆောင်ဆိုတာကို
ဘယ်သူမှ သိနိုင်မယ်
မဟုတ်ဘူး ဆိုတာလည်း
သမီး သိပါတယ် အမေ။

ဒါပေမဲ့
မင်းသားလေးဟာ
သမီးတို့ အိမ်ရှေ့က
ဖြတ်သွားပြီလေ။

သမီးကတော့
ရင်အုံမှာ
ဆွဲထားတဲ့ ရတနာကို
သူ သွားမယ့်လမ်းမှာ
ဖြန့်ကြဲခဲ့ပြီလေ။

■

mgyoe.com

mgyoe.com SAMPLE BOOK

၈။

ကျွန်မ အိပ်ရာဘေးက
မီးအိမ်ကလေး ငြိမ်းသွားတော့
မိုးသောက်ငှက်ကလေးတွေနဲ့အတူ
ကျွန်မလည်း နိုးလာခဲ့တယ်လေ။

ပြေလျှောကျနေတဲ့ ဆံပင်မှာ
လန်းဆတ်တဲ့ ပန်းတစ်ကုံးကို ပန်ပြီး
ပြတင်းဝမှာ ကျွန်မ ထိုင်နေခဲ့တယ်။

မနက်ခင်းရဲ့
နှင်းဆီရောင် နှင်းမြူတွေအောက်က
လမ်းတစ်လျှောက်မှာ
ခရီးသည်
လုလင်ပျိုတစ်ယောက်
လျှောက်လာနေလေရဲ့။
သူ့လည်မှာ
ပုလဲသွယ်တစ်ကုံးကို ဆင်လို့။
နေရောင်ခြည်တွေက
သူ့သရဖူပေါ်ကို ဖြာကျနေတယ်။

ကျွန်မရဲ့ အိမ်ရှေ့မှာ ရပ်ပြီး
'သူ ဘယ်မှာလဲ' လို့
ထက်သန်တဲ့ အသံနဲ့ မေးတယ်။

mgyoe.com

သူဟာ ကျွန်မပါပဲ
ခရီးသည် လုလင်ရယ်
သူဟာ ကျွန်မပါပဲလို့
ပြောချင်ပေမဲ့
ရှက်လို့ ပါးစပ်က
မထွက်ခဲ့ပါဘူး။

ညနေဆည်းဆာ ရောက်ပြီ။
ဒါပေမဲ့ မီးအိမ်ကို
မထွန်းရသေးဘူး။
ကျွန်မဟာ
အမှတ်မထင်
ဆံပင်ကို ကျစ်နေမိတယ်။

ဝင်လုဆဲ နေမင်းရဲ့
နီရဲတဲ့ နေခြည်တွေအောက်မှာ
ခရီးသည် လုလင်ဟာ
စစ်ရထားကြီး စီးပြီး လာနေတယ်။
သူ့မြင်းကြီးက ပါးစပ်မှာ
အမြှုပ်တွေ တစီစီနဲ့။
သူ့ဝတ်ရုံပေါ်မှာလည်း
ဖုန်တွေ ပေလို့။

ကျွန်မ အိမ်ရှေ့မှာ ဆင်းပြီး

mgyoe.com

mgyoe.com SAMPLE BOOK

'သူ ဘယ်မှာလဲဟင်' လို့
နွမ်းလျတဲ့ အသံနဲ့ မေးတယ်။

သူဟာ ကျွန်မပါပဲ၊
နွမ်းလျတဲ့ ခရီးသည်ရယ်
သူဟာ ကျွန်မပါပဲလို့
ပြောချင်ပေမဲ့
ရှက်လွန်းလို့
မပြောဖြစ်ပြန်ပါဘူး။

တန်ခူးလရဲ့
ညတစ်ညကပေါ့။
ကျွန်မ အခန်းထဲမှာ
မီးအိမ် လင်းနေတယ်။
တောင်လေက
ညင်းညင်းပြည်ပြည် တိုက်လို့။
စကားများတဲ့ ကြက်တူရွေးလည်း
လှောင်အိမ်ထဲမှာ အိပ်ပြီး
ကျွန်မက
ဒေါင်း လည်ဆံမွေးရောင်
ရှင်မီးအင်္ကျီလေးကို ဝတ်ထားတယ်။
ခြုလွှာကတော့ မြက်ပင်လို
မြစိမ်းရောင် သမ်းလို့ပေါ့။
ပြတင်းဝက
ကြမ်းပြင်မှာ ထိုင်ပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


တိတ်ဆိတ် ခြောက်သွေ့နေတဲ့
လမ်းမကို မျှော်ကြည့်နေမိတယ်။
ညအမှောင်ထုကြီးထဲမှာ ထိုင်ပြီး
ကျွန်မ တဖွဖွ
ညည်းနေမိတယ်။
သူဟာ ကျွန်မပါပဲ။
စိတ်ပျက်သွားတဲ့ ခရီးသည်ရယ်
သူဟာ
ကျွန်မပါပဲ ရှင်ရယ်လို့။

■

mgyoe.com

mgyoe.com SAMPLE BOOK

၉။
ည
ချစ်သူနဲ့ ချိန်းတဲ့နေရာကို
ကျွန်မ သွားတဲ့အခါကျတော့
ငှက်တွေလည်း
တေးမဆိုတော့ဘူး။
လေကလည်း
မတိုက်တော့ဘူး။
လမ်းတစ်ဖက်တစ်ချက်
အိမ်တွေကလည်း တိတ်ဆိတ်လို့။
ခြေလှမ်းတိုင်းမှာ
ကျွန်မ ခြေချင်းတွေက
ဆူညံနေတော့
ကျွန်မ ရှက်မိတာပေါ့။

လသာဆောင်မှာ ထိုင်ပြီး
သူ့ခြေသံတွေကို နားထောင်တဲ့အခါတုန်းက
သစ်ရွက်တွေကလည်း
သစ်ပင်တွေပေါ်မှာ တိတ်လို့။
အိပ်ပျော်နေတဲ့
စန္ဒရီတစ်ယောက်ရဲ့ ဒူးပေါ်က ဓားလို
မြစ်ရေကလည်း ငြိမ်လို့။

mgyoe.com

mgyoe.com

ကျွန်မရဲ့ နှလုံးသားက
ပြင်းထန်စွာ ခုန်နေတော့တယ်။
နှလုံးခုန်တာ ငြိမ်အောင်
ဘယ်လိုများ လုပ်ရမလဲဆိုတာ
မသိတတ်နိုင်အောင်
ဖြစ်နေပါပြီ ရှင်ရယ်။

ကျွန်မ အချစ် ရောက်လာပြီး
ကျွန်မဘေးမှာ
လာထိုင်တဲ့အခါကျတော့
ကျွန်မ
တစ်ကိုယ်လုံး တုန်ယင်ပြီး
မျက်လွှာကို ချထားမိတယ်။

ညကလည်း မှောင်လို့။
လေက မီးအိမ်ကလေးကို
ငြိမ်းပစ်လိုက်ပြီး
တိမ်တွေက
ကြယ်ပွင့်တွေကို
ကန့်လန့်ကာတွေနဲ့ ဖုံးလိုက်ကြတယ်။
ကျွန်မ ရင်ညွန့်ပေါ်မှာရှိတဲ့
ရတနာကလေးသာ
တလက်လက် တောက်ပြီး
အလင်းရောင်ကို
ပေးနေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီရတနာလေးကို
ဘယ်လိုများ ဝှက်ထားရမလဲ ဆိုတာ
မသိတတ်အောင်ပါပဲ ရှင်ရယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


၁၀။
သတို့သမီးရယ်
မင့် အလုပ်ကို
နားလိုက်ပါတော့။

နားထောင်စမ်း
ညှော့သည် ရောက်လာပြီလေ။
တံခါး ချည်ထားတဲ့ ကြိုးကို
အသာအယာ လှုပ်နေတယ်။
ကြားတယ် မဟုတ်လား။
မင်း ခြေချင်းသံတွေ
ဆူညံမနေအောင်
သတိထားလေ။
ပြီးတော့
သူ့ဆီကို သွားတဲ့အခါမှာ
မင်း ခြေလှမ်းတွေ
သုတ်သီးသုတ်ပျာ မဖြစ်အောင်လည်း
သတိထားလေ။

သတို့သမီးရယ်
မင်း အလုပ်ကို နားလိုက်စမ်းပါ။
ညနေခင်းကပဲ
ညှော့သည် ရောက်လာခဲ့ပြီလေ။

mgyoe.com

mgyoe.com
SAMPLE BOOK


သတို့သမီးရယ်
တစ္ဆေလို ကြောက်ဖွယ်ကောင်းတဲ့
လေ မဟုတ်ပါဘူး။
မကြောက်ပါနဲ့။

တန်ခူးည တစ်ညရဲ့
လပြည့်ဝန်းရယ်ပါ။
အလင်းထဲမှာ အရိပ်တွေက
ဖျော့တော့ မှေးမှိန်လို့။
ထက်ကောင်းကင်က
ဝင်းထိန်လို့။
ရှက်တယ်ဆိုရင်
မင်းမျက်နှာက ပဝါကို ဖုံးလိုက်လေ။
ကြောက်တယ်ဆိုရင် တံခါးနားကို
သွားပြီး မီးအိမ်ကို ယူခဲ့ပေါ့။

သတို့သမီးရယ်
မဟုတ်ပါဘူး။
တစ္ဆေလို ကြောက်စရာကောင်းတဲ့
လေ မဟုတ်ပါဘူး။
မကြောက်ပါနဲ့။

ရှက်တယ်ဆိုရင်
သူနဲ့ စကားတစ်ခွန်းမှ
မပြောပါနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

သူနဲ့ တွေ့တဲ့အခါမှာ
တံခါးဘေးမှာပဲ
ရပ်နေလိုက်ပေါ့။
သူက
မင်းကို မေးခွန်းတွေ မေးလို့
မင်းကလည်း မဖြေချင်ဘူးဆိုရင်
တိတ်တိတ်နေပြီး
မျက်လွှာကို
ချနေလိုက်ရုံပေါ့။

လက်ထဲမှာ မီးအိမ်ကို ကိုင်ပြီး
သူ့ကို အိမ်ထဲ ခေါ်လာတဲ့အခါမှာ
မင်း လက်ကောက်က
တချွင်ချွင် အသံတွေ
မမြည်ပါစေနဲ့။
ရှက်တယ်ဆိုရင်လည်း
သူနဲ့ စကားတစ်ခွန်းမှ
မပြောပါနဲ့။

သတို့သမီးရယ်
မင်း အလုပ်က
ခု တိုင်အောင်
မပြီးသေးဘူးတဲ့လား။
နားထောင်စမ်းပါ။
ဧည့်သည်လည်း ရောက်လာပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

နွားတင်းကုပ်ထဲက မီးအိမ်ကို
မထွန်းသေးဘူးလား။
ညဦး ဝတ်ပြုဖို့
ပန်းခြင်းကော အဆင်သင့်
မဖြစ်သေးဘူးလား။
ဆံပင်ခွဲထားရာ
အောက်တည့်တည့် နဖူးပြင်မှာ
ဆေးနီစက်ကို
မခြယ်သေးဘူးလား။
ဒီနေ့ညအတွက်ကော
အဝတ်အစား မလဲသေးဘူးလား။

သတို့သမီးရယ်။
ဧည့်သည်လည်း လာပေါ့။
မင်းအလုပ်ကို နားပါတော့။

■

mgyoe.com

mgyoe.com
SAMPLE BOOK

၁၁။

နဂိုအတိုင်းသာ လာခဲ့ပါကွယ်။
အဆင်အယင် အခြယ်အသတွေ
လုပ်မနေပါနဲ့။
ကျစ်ထားတဲ့ မင်း ဆံပင်တွေ
ပြေကျချင် ပြေကျနေပါစေ။
ခွဲထားတဲ့ မင်း ဆံစကြောင်းဟာလည်း
မဖြောင့်တန်းချင် နေပါစေ။
မင်း အင်္ကျီ ဖဲကြိုးတွေကိုလည်း
မချည်ရရင် ရှိပါစေ။
အရေးမကြီးပါဘူး။

နဂိုအတိုင်းသာ လာခဲ့ပါ။
အဆင်အယင် အခြယ်အသတွေ
မလုပ်ပါနဲ့။

လျင်မြန်တဲ့ ခြေလှမ်းတွေနဲ့
မြက်ခင်းပေါ်ကို
လျှောက်ခဲ့ပါတော့ကွယ်။
နှင်းစက်တွေကြောင့်
မင့်ခြေဖဝါးက ပန်းနုရောင်တွေ
ပြယ်ချင် ပြယ်ပါစေ။

မင်းခြေထောက်ပေါ်က
ချူသံလွှင်လွှင်ကလေးတွေ

mgyoe.com

mgyoe.com SAMPLE BOOK

မပြည့်ရင် ရှိပါစေတော့။
ပုလဲလုံးလေးတွေကလည်း
မင့်ပုလဲကုံးက ပြုတ်ကျချင်
ကျပါစေတော့။
အရေးမကြီးပါဘူး။

လျှင်မြန်တဲ့ ခြေလှမ်းတွေနဲ့
မြက်ခင်းပေါ်ကိုသာ
လျှောက်ခဲ့ပါတော့။

ကောင်းကင်ကို လွှမ်းခြုံပေးနေကြတဲ့
တိမ်လိပ်တွေကို မြင်ရဲ့လား။
ဟို တစ်ဖက်ကမ်းက
ကြိုးကြာငှက်အုပ်တွေ
ပျံသန်းလာကြပြီလေ။
ပြီးတော့
အကျီစားသန့်တဲ့ လေက
ကွင်းပြင်ကို ဖြတ်ပြီး တိုက်လာတယ်။

စိုးရိမ်နေတဲ့
ကျွဲနွား တိရစ္ဆာန်တွေက
ရွာထဲက နွားခြံတွေဆီ
ပြေးလာကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကောင်းကင်ကို
လွှမ်းခြုံပေးနေတဲ့ တိမ်တိုက်တွေကို
မြင်တယ် မဟုတ်လား။

မင်းရဲ့ အလှမီးအိမ်ကို
ထွန်းပေမဲ့ အချည်းနှီးပါပဲကွယ်။

ဒီမီးအိမ်ဟာ
ဟုတ်ခနဲ တောက်ပြီး
လေထဲမှာ ငြိမ်းသွားတယ်။
မင်း မျက်ခွံတွေဟာ
မျက်နက် ဆိုးမထားဘူးဆိုတာ
ဘယ်သူ သိနိုင်မလဲ။
တကယ်တော့
မင်း မျက်လုံးတွေဟာ
မိုးတိမ်တွေထက်တောင်
မည်းမှောင်ပါသေးတယ်။
မင်း အလှမီးအိမ်ကို
ထွန်းခဲ့ပေမဲ့ အချည်းနှီးပါပဲကွယ်။

နဂိုအတိုင်းသာလာခဲ့ပါကွယ်။
အလှအပတွေကို
ဆင်မနေပါနဲ့တော့။
ပန်းကုံး မသီရသေးဘူး ဆိုရင်လည်း
အရေးမကြီးပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

လက်ကောက်ကြိုးကို
မသိရသေးဘူး ဆိုရင်လည်း
ရှိပါစေတော့။
ကောင်းကင်မှာ မိုးတွေညို့လို့
အချိန် နောက်ကျနေပြီလေ။
နဂိုအတိုင်းသာ လာခဲ့ပါတော့။
အလှအပတွေကို
ဆင်မနေပါနဲ့တော့။

■

mgyoe.com

၁၂။
မင်းဟာ
အလုပ်များပြီး
ရေခပ်ရဦးမယ်ဆိုရင်
ကိုယ့်ရေကန်ကို
လာခဲ့ပါကွယ်၊ လာခဲ့ပါ။
ကန်ရေက
မင်း ခြေထောက်အစုံကို
ပွေ့ဖက်ပြီး
သူတို့ရဲ့
လျှို့ဝှက်ချက်တွေကို
ပြောကြလိမ့်မယ်။
ရွာတော့မယ့် မိုးရိပ်ဟာ
သဲပြင်ပေါ်ကို ရောက်နေပြီ။

မင်း မျက်ခုံးတွေပေါ်ကို ဝဲကျနေတဲ့
မင်း ဆံပင် ထူထူတွေလို
တိမ်တွေကလည်း
တောတန်း ပြာပြာတွေပေါ်မှာ
နိမ့်နိမ့်ကလေး
တွဲလွဲချိတ်နေကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မင်း ခြေလှမ်းတွေရဲ့ စည်းချက်ကို
ကိုယ် သိပါတယ်ကွယ်။

ဒီစည်းချက်တွေဟာ
ကိုယ့်နှလုံးသားထဲမှာ
ရပ်တန့်နေတုန်းပါပဲ။

လာပါကွယ်
မင်းရေအိုးကို ဖြည့်မယ်ဆိုရင်
ကိုယ့်ရေကန်ကို
လာခဲ့ပါ။

မင်းဟာ
ပျင်းလို့ ကန်ပေါင်မှာ တွေဝေ ထိုင်နေရင်း
ရေအိုးကို ရေပေါ်မှာ မျှောထားချင်ရင်
လာခဲ့ပါကွယ်။
ကိုယ့်ကန်ကို လာခဲ့ပါ။
မြက်ပင်တွေ ဖုံးတဲ့ ကမူက စိမ်းလို့။
တောပန်းရိုင်းပွင့်တွေက
မရေတွက်နိုင်အောင် ပွင့်နေကြတယ်။

သိုက်မြုံက
ပျံသွားတဲ့ ငှက်များလို
မင်းအတွေးတွေဟာလည်း
မင်းမျက်လုံး နက်နက်တွေထဲက

mgyoe.com

mgyoe.com
SAMPLE BOOK

အဝေးကို ပျံသွားကြလိမ့်မယ်။
မင့်မျက်နှာဖုံး ပဝါဟာ
မင့်ခြေရင်းကို
လျှောကျသွားလိမ့်မယ်။
တွေဝေ ငေးမောထိုင်နေမယ့်အစား
လာခဲ့ပါကွယ်။
ကိုယ့်ရေကန်ကိုသာ လာခဲ့ပါ။

မင်း ကစားတာကို ရပ်ပြီး
ရေကူးချင်တယ်ဆိုရင်
ကိုယ့်ရေကန်ကို လာခဲ့ပါကွယ်။
လာခဲ့ပါ။
မင်းဝတ်ရုံ ပြာပြာကလေးကို
ကမ်းပေါ်မှာ ထားခဲ့ပါ။
ရေပြာပြာတွေက
မင့်ကို ဖုံးပေးမှာပေါ့။

လှိုင်းကလေးတွေက
ခြေဖျားထောက် ရောက်လာကြပြီ။
မင့်လည်တိုင်ကို နမ်းကြလိမ့်မယ်။
မင့်ကို တီးတိုး ပြောကြလိမ့်မယ်။
ရေကူးချင်တယ်ဆိုရင်
လာခဲ့ပါကွယ်။
ကိုယ့်ရေကန်ကို လာခဲ့ပါ။

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ရှုးပေါက်ပြီး
ကိုယ့်ကိုယ်ကိုယ်
အဆုံးစီရင်ချင်သေးတယ်ဆိုရင်
လာခဲ့ပါကွယ်။
ကိုယ့်ရေကန်ကို လာခဲ့ပါ။
ကန်ရေက အေးမြပြီး
အဆုံးမရှိ နက်ရှိုင်းလို့။
အိပ်မက်မက်ခြင်း မရှိတဲ့
အအိပ်တစ်ခုလို မည်းမှောင်လို့။
အဲဒီ အနက်အရှိုင်းထဲမှာ
နေ့နဲ့ ညကလည်း အတူတူ။
တိတ်ဆိတ်မှု ဟူသမျှကလည်း ဂီတ။

ကိုယ့်ကိုယ်ကိုယ်
အဆုံးစီရင်မယ်ဆိုရင်
လာခဲ့ပါကွယ်။
ကိုယ့်ရေကန်ကို လာခဲ့ပါ။

■

mgyoe.com

mgyoe.com SAMPLE BOOK

၁၃။
ကိုယ်
ဘာကိုမှ မတောင်းဆိုဘူး။
တောအုပ်အစွန်က သစ်ပင်နောက်မှာ
ရပ်ရုံပဲ ရပ်နေတယ်။

လင်းအရုဏ်ရဲ့ မျက်လုံးပေါ်မှာ
အိပ်ငွေ့ မပြယ်သေးဘူး။
လေထဲမှာ
နှင်းငွေ့ မပြယ်သေးဘူး။
မြေကြီးပေါ်က
မြူပါးပါးထဲမှာ
မြက်စိုရဲ့ ငြိုးငွေ့ဖွယ်အနံ့က
ဝဲနေတယ်။

ညောင်ပင်အောက်မှာ
မင်းက
ထောပတ်လို လတ်ဆတ် နူးညံ့တဲ့
မင့်လက်တွေနဲ့
နွားနို့ ညှစ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်ကတော့ မလှုပ်မယှက်
ရပ်နေတုန်းပါပဲ။
စကားတစ်လုံးမှ
မပြောမိဘူး။
ငှက်ကသာ ပုန်းကွယ်ပြီး တေးဆိုနေတာပါ။

သရက်ပင်က
သူ့ သရက်ပွင့်တွေကို
ရှာလမ်းကလေးပေါ်ကို
ခြွေချလို့။

ပျားတွေက
တစ်ကောင်ပြီး တစ်ကောင်
တဝီဝီ မြည်ပြီး ရောက်လာကြတယ်။
ကန်တစ်ဖက်မှာရှိတဲ့
သျှိဝ ဘုရားကျောင်းတံခါး ဖွင့်လိုက်တော့
ဝတ်ပြုသူရဲ့
ပူဇော် ရွတ်ဖတ်သံကို
ကြားရတယ်။

မင်းကတော့
ခွက်ကို ပေါင်ပေါ်မှာ တင်ပြီး
နွားနို့ ညှစ်နေတုန်းပဲ။
ကိုယ်က
ပုံးလွတ်တစ်လုံးကို

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုင်ပြီး ရပ်လို့။

မင်း အနားကို
ကိုယ် မလာပါဘူး။

ဘုရားဝတ်ကျောင်းက
ခေါင်းလောင်းသံကြောင့်
ကောင်းကင်ကြီးလည်း
အိပ်ရာက နိုးလာပြီ။

နွားတွေ မောင်းသွားလို့
လမ်းမမှာ
ဖုန်တွေ တလိမ့်လိမ့် ထနေတယ်။

မိန်းမတွေက
ဘောင်ဘင်ခတ်နေတဲ့ အိုးကို
ခါးစောင်းမှာ တင်ပြီး
မြစ်ဆိပ်က
ပြန်လာကြတယ်။

မင့် လက်ကောက်တွေက
ချွင်ချွင် မြည်ပြီး
နွားနို့ အမြှုပ်တွေက
ကရားမှာ ဝေနေတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မနက်ခင်းလည်း ကုန်သွားပြီ။
ကိုယ် တကယ် မင့်အနားကို
မလာခဲ့ပါဘူးကွယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

၁၄။
လမ်းဘေးမှာ ကိုယ် လျှောက်လာခဲ့တယ်။
နေမွန်းတည့်ချိန် လွန်လို့
ဝါးကိုင်းတွေ
လေထဲမှာ
ပွတ်တိုက်နေကြတယ်။
တရှဲရှဲ မြည်နေကြတယ်။
ဘာဖြစ်လို့ လျှောက်နေမှန်း
ကိုယ် မသိပါဘူး။

လဲလျောင်းနေဆဲ အရိပ်တွေက
လက်တွေကို ဆန့်တန်းပြီး
ခပ်သုတ်သုတ် သွားနေတဲ့
အလင်းရောင်ရဲ့
ခြေထောက်တွေကို
လိုက်ဆွဲနေကြတယ်။
ဥသြတွေလည်း တေးဆိုရတာ
မောလှပေါ့။
ကိုယ်က လမ်းဘေးမှာ
လျှောက်နေတယ်။
ဘာကြောင့် လျှောက်နေမှန်းတော့
ငါ မသိပါဘူး။

ရေကန်ဘေးက တဲကလေးကို
သစ်ပင်ကြီး တစ်ပင်က

mgyoe.com

mgyoe.com SAMPLE BOOK

အရိပ်မိုးပေးထားတယ်။
တစ်ယောက်ယောက်တော့
အလုပ်များနေဟန် တူရဲ့။
ထောင့်ထဲမှာ
သူ့လက်ကောက်သံတွေက
တချွင်ချွင် တေးဂီတသံကို ဖြစ်စေရဲ့။

တဲရှေ့မှာ ကိုယ် ရပ်မိတယ်။
ဘာကြောင့် ရပ်မိမှန်းတော့
ငါ မသိပါဘူး။
ကွေ့ကောက်နေတဲ့
လမ်းကျဉ်းကလေးက
မှန်ညင်းခင်းတွေနဲ့
သရက်တောတွေကို ဖြတ်သွားတယ်။

ပြီးတော့
ရွာ ဘုရားဝတ်ကျောင်းနဲ့
မြစ်ဆိပ်က ဈေးနားကိုလည်း
ဖြတ်သွားတယ်။
တဲဘေးမှာ ကိုယ် ရပ်မိတယ်။
ဘာကြောင့် ရပ်သလဲ ဆိုတာတော့
ကိုယ် မသိပါဘူး။

ဟိုတစ်ခါတုန်းက
လေရူး တသုန်သုန် တိုက်တဲ့

mgyoe.com

mgyoe.com
SAMPLE BOOK


တပေါင်းလရဲ့ တစ်နေ့ပေါ့။
နွေရဲ့ လွမ်းချင်းက
တနွဲ့နွဲ့ လွင့်လို့။
သရက်ပွင့်တွေက
ဖုန်ထဲမှာ ကြွေကျနေကြတယ်။
ရေထဲက
လှိုင်းကြက်ခွပ်ကလေးတွေက
လှမ်းခုန်တဲ့ပြီး
မြစ်ဆိပ် လှေကားရင်းမှာ ချထားတဲ့
ကြေးအိုးကလေးကို လှမ်းနမ်းနေကြတယ်။
လေရူး တသုန်သုန် တိုက်တဲ့
အဲဒီ တပေါင်းလရဲ့ နေ့တစ်နေ့ကို
ကိုယ် အမှတ်ရမိတယ်။
ဘာဖြစ်လို့မှန်းတော့ မသိပါဘူး။

အရိပ်တွေက
တဖြည်းဖြည်း နက်ရှိုင်းလာပြီး
ကျွဲနွားတွေ ခြံသွင်းချိန်
ရောက်ပြီလေ။

တိတ်ဆိတ်တဲ့ ခင်တန်းတွေပေါ်မှာ
အလင်းရောင် မှုန်ပြာစ ပြုပြီ။
ရွာသားတွေက ကမ်းပါးစပ်မှာ
ကူးတို့လှေကို စောင့်နေကြတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ် လာလမ်းကို ဖြည်းညင်းစွာ ပြန်လာခဲ့တယ်။
ဘာဖြစ်လို့မှန်းတော့
ကိုယ် မသိပါဘူး။

■

mgyoe.com

mgyoe.com
SAMPLE BOOK

၁၅။
ကိုယ့် မွေးရန့်ကို
ကိုယ် ယစ်မူးပြီး
တောရိပ်မှာ ပြေးနေတဲ့ ကတိုးကောင်လို
ကိုယ် ပြေးနေတယ်။

ညက ကဆုန်လလယ်ရဲ့ ည။
လေရူးက တောင်က လာတဲ့ လေရူး
လမ်းပျောက်ပြီး လျှောက်သွားနေမိတယ်။

မရနိုင်တဲ့အရာကို ကိုယ် ရှာနေပြီး
မရှာတဲ့အရာကို ကိုယ် ရနေတယ်။
ကိုယ့်ဆန္ဒရဲ့ ရုပ်ပုံဟာ
ကိုယ့်နှလုံးသားထဲက ထွက်လာပြီး
ကခုန်နေတယ်။
တောက်ပြောင်တဲ့ အာရုံတွေဟာ
ပျံသွားကြတယ်။
ဒီအာရုံကို အမိအရ ဖမ်းဆုပ်ဖို့
ကိုယ် ကြိုးစားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့
ရှောင်ထွက်သွားပြီး
ကိုယ်သာ
ယောင်တီးယောင်နနဲ့ ကျန်ခဲ့တယ်။

မရနိုင်တဲ့ အရာကို
ကိုယ် ရှာနေပြီး
မရှာတဲ့ အရာကို ကိုယ် ရနေတယ်။

■

mgyoe.com

mgyoe.com

၁၆။

လက်ကို လက်ချင်း မြဲမြဲကိုင်လို့
မျက်လုံးကို မျက်လုံးချင်း ရဲရဲဆိုင်လို့။
ဒီလိုနဲ့
တို့တွေရဲ့ နှလုံးသားမှတ်တမ်း
အစပြုခဲ့တယ်။

လရောင် ရွှန်းပြက်တဲ့
တပေါင်းရဲ့ ညမှာ
သင်းမြတဲ့ ဒန်းပန်းနံ့တွေက
လေထဲမှာ မွှေးနေတယ်။

မြေကြီးပေါ်မှာ
ပလွေလေးတစ်စင်း
ဂရုစိုက်မယ့်သူ မရှိ
လွတ်ကျနေတယ်။
ပန်းပွင့်တွေ သီထားတဲ့
မင့် ပန်းကုံးကလည်း
အပြီးမသတ်သေးဘူး။

မင့်နဲ့ ကိုယ့်ကြားက
ဒီအချစ်ဟာ
တေးတစ်ပုဒ်လို
ရိုးစင်းလှပါတယ်ကွယ်။

mgyoe.com